# Information Sheet



VOLUME X, ISSUE 15 15 November 2021

| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ | ၁ |
| ၂ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဂျပန်နိုင်ငံ၊ The Nippon Foundation အဖွဲ့ဥက္ကဋ္ဌတို့တွေ့ဆုံ | ၄ |
| ၃ | ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ တွင်ကျင်းပပြုလုပ်သည့် (၃)ကြိမ်မြောက် Goa Maritime Conclave 2021 သို့ တက်ရောက် | ၅ |
| ၄ | ငပလီကမ်းခြေ ဆောင်းဦးပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ | ၇ |
| ၅ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၈ |
| ၆ | ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျ ဆက်လက်လက်ခံလျက်ရှိ | ၁၀ |
| ၇ | ပညာရေးယန္တရားကို ထိခိုက်ပျက်ပြားစေလိုသည့် အကြမ်းဖက်သမားများက ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ အသက်အန္တရာယ်ကို ထိခိုက်စေသည်အထိပါ အကြမ်းဖက်မှုများကျူးလွန် | ၁၂ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာလ ၁၄ ရက်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့တက်ရောက်၍ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အားဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းပြီးနောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်ကြီး ၁၈ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၂ ခုနှင့် လှူဒါန်းငွေများ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၇,၆၄၃,၇၅၀ ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၁)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနား၌ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်တို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာက ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဘုန်းတော်ကြီးကျောင်းအသီးသီးသို့လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့်
ပဒေသာပင်များအား လှည့်လည်ကြည့်ရှုနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက
ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခင်မောင်ဆွေက
ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ သာသနဝ္မမဟာဗိမာန်တော်၌ ကျင်းပပြုလုပ်ခဲ့။
- အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးတို့ တက်ရောက်၍ ကြွရောက်တော်မူလာကြသည့်ဆရာတော်ကြီးများထံ ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်း၊ ခဲဖွယ်၊ ဘောစဉ်များကို ဆက်ကပ်လှူဒါန်းခဲ့။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားတွင် ပဒေသာပင် ၄၂ ခုနှင့် လှူဒါန်းငွေများ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၇,၆၄၃,၇၅၀ ဖြစ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဂျပန်နိုင်ငံ၊ The Nippon Foundation အဖွဲ့ဥက္ကဋ္ဌတို့တွေ့ဆုံ




ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဂျပန်နိုင်ငံ၊ The Nippon Foundation အဖွဲ့ဥက္ကဋ္ဌ Mr. Yohei Sasakawa နှင့် အဖွဲ့သည် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ရာ-

- The Nippon Foundation မှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်မည့်ကိစ္စရပ်များ။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနမှ လိုအပ်မည့်ဆေးနှင့်ဆေးပစ္စည်းများ၊ ဆေးရုံ၊ ဆေးခန်းများ ဆောက်လုပ်လှူဒါန်းနိုင်မည့်ကိစ္စရပ်များနှင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လှူဒါန်းပေးအပ်နိုင်မည့် အခြေအနေများ။
- ဂျပန်နိုင်ငံ၏အကူအညီဖြင့် ဆောင်ရွက်နေသည့် ဆေးရုံဆောက်လုပ်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးနိုင်ရေးကိစ္စများ။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်နိုင်ငံ၊ The Nippon Foundation ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဂျပန်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ရန် ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၁)**

- **ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဂျပန်နိုင်ငံ၊ The Nippon Foundation အဖွဲ့ ဥက္ကဋ္ဌ Mr. Yohei Sasakawa နှင့် အဖွဲ့သည် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၌ တွေ့ဆုံခဲ့။**
- **The Nippon Foundation မှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်မည့်ကိစ္စရပ်များ၊ ဂျပန်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ရန် ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ဂျပန်နိုင်ငံ၏အကူအညီဖြင့် ဆောင်ရွက်နေသည့် ဆေးရုံဆောက်လုပ်ရေးနှင့် အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးနိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့။**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၃) ကြိမ်မြောက် Goa Maritime Conclave 2021 သို့ တက်ရောက်




အိန္ဒိယနိုင်ငံ၊ ဂိုအာမြို့တွင် (၃) ကြိမ်မြောက် Goa Maritime Conclave 2021 (GMC –2021)ကို နိုဝင်ဘာလ ၇ ရက်မှ ၉ ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတက်ရောက်လာသော ရေတပ်ဦးစီးချုပ်များမှ Maritime Security and Emerging Non–Traditional Threats: A Case for Proactive Role for IOR Navies နှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းသည့် အိန္ဒိယသမုဒ္ဒရာ Peaceful India Ocean ဖြစ်စေရန်အတွက် ရေကြောင်းမူဝါဒဆိုင်ရာသဘောထားအမြင်များကို နိုင်ငံအလိုက်ဆွေးနွေးခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က–

- အိန္ဒိယသမုဒ္ဒရာ၏ မဟာဗျူဟာအချက်အခြာကျမှု၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် တပ်မတော်(ရေ)မှ တက်ကြွစွာပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ အိန္ဒိယသမုဒ္ဒရာအတွင်း သမားရိုးကျမဟုတ်သော လုံခြုံရေးခြိမ်းခြောက်မှုများကို Navy to Navy Staff Talks ၊ Coordinated Patrol၊ Bilateralနှင့် Multilateral ပူးပေါင်း၍ ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဖော်ထုတ်ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲသို့တက်ရောက်လာကြသော အငြိမ်းစားရေတပ်ဦးစီးချုပ်များ၊ ရေတပ်အရာရှိကြီးများ၊ သံအမတ်ကြီးများနှင့် ကျွမ်းကျင်ပညာရှင်များမှ Maritime Security and Emerging Non–Traditional Threats ခေါင်းစဉ်အားလည်းကောင်း၊ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံမှဆက်ဆံရေးကိုယ်စားလှယ်အရာရှိများ ပါဝင်ဖွဲ့စည်းထားရှိသည့် Information Fusion Centre – Indian Ocean Region (IFC–IOR) မှ ၂၀၂၁ ခုနှစ်အတွင်း အိန္ဒိယသမုဒ္ဒရာအတွင်း၌ဖြစ်ပွားခဲ့သော သမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများအပေါ် လေ့လာသုံးသပ်ခြင်း၊ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် သတင်းအချက်အလက်ဖလှယ်ခြင်း၏ အရေးပါမှုများအားလည်းကောင်း ဆွေးနွေးခဲ့ပါသည်။

ခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral Nishantha Ulugetenne နှင့် လည်းကောင်း၊ အိန္ဒိယရေတပ်အနောက်ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး Vice Admiral R.Hari Kumar၊ တောင်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး Vice Admiral Anil Kumar Chawla၊ ရေကြောင်းတိုင်းတာရေးဌာနမှ Chief Hydrographer ဖြစ်သူ Vice Admiral Adhir Arora နှင့် တွေ့ဆုံပြီး အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် Mormugoa Port သို့လည်းကောင်း သွားရောက်လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူ Terminal ဆိပ်ကမ်းရှိ အိန္ဒိယရေတပ်၏ ရေငုပ်သင်္ဘောကယ် များက လိုက်လံရှင်းလင်းပြသခဲ့ပါသည်။ ဆယ်ရေးရေယာဉ် Deep Submergence Rescue Vessel-DSRV သို့လည်းကောင်း၊ Kolkata Class ဒုံးပျံတင်ဖျက်သင်္ဘော INS Kochi (D64) သို့လည်းကောင်း၊ Goa Shipyard Limited သင်္ဘောကျင်းသို့လည်းကောင်း၊ အိန္ဒိယရေတပ်၏ လေတပ်အခြေစိုက်စခန်း INS Hansa သို့ လည်းကောင်း၊ Naval Aviation Museum

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၁ )**



**ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် Goa Shipyard Limited သင်္ဘောကျင်းတွင် ကြည့်ရှုလေ့လာနေမှု**



**ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် အိန္ဒိယရေတပ်၏ လေတပ်အခြေစိုက်စခန်း INS Hansa တွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးနေမှု**

- **အစည်းအဝေးတက်ရောက်လာသော ရေတပ်ဦးစီးချုပ်များမှ တည်ငြိမ်အေးချမ်းသည့် အိန္ဒိယသမုဒ္ဒရာ Peaceful India Ocean ဖြစ်စေရန်အတွက် ရေကြောင်းမူဝါဒဆိုင်ရာ သဘောထားအမြင်များကို ဆွေးနွေးခဲ့။**
- **ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က အိန္ဒိယသမုဒ္ဒရာ၏ မဟာဗျူဟာအချက်အခြာကျမှု၊ ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် တပ်မတော်(ရေ)မှ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ အိန္ဒိယသမုဒ္ဒရာအတွင်း သမားရိုးကျမဟုတ်သော လုံခြုံရေးခြိမ်းခြောက်မှုများကို ဖော်ထုတ်ဆွေးနွေးခဲ့။**
- **ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် သီရိလင်္ကာနိုင်ငံ ရေတပ်ဦးစီးချုပ်၊ အိန္ဒိယရေတပ် အနောက်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး၊ တောင်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး၊ ရေကြောင်းတိုင်းတာရေးဌာနမှ Chief Hydrographer တို့နှင့်တွေ့ဆုံပြီး အပြန်အလှန်အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့။**
- **ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယရေတပ်၏ ရေငုပ်သင်္ဘောကယ်ဆယ် ရေးရေယာဉ် Deep Submergence Rescue Vessel-DSRV၊ ဒုံးပျံတင် ဖျက်သင်္ဘော INS Kochi (D64)၊ Goa Shipyard Limited သင်္ဘောကျင်း၊ အိန္ဒိယရေတပ်၏ လေတပ်အခြေစိုက်စခန်း INS Hansa နှင့် Naval Aviation Museum တို့သို့ သွားရောက်လေ့လာကြည့်ရှုခဲ့။**

# ငပလီကမ်းခြေ ဆောင်းဦးပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ



ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ငပလီမြို့ "ငပလီကမ်းခြေ ဆောင်းဦးပွဲတော်" ဖွင့်ပွဲအခမ်းအနားကို ငပလီကမ်းခြေရှိ Paradise Hotel ၌ နိုဝင်ဘာလ ၁၄ ရက်တွင် ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားရာတွင်-

- ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းလာခြင်း၊ တည်ငြိမ်အေးချမ်းလျက်ရှိသော ရခိုင်ပြည်နယ်၏ပြယုဂ်ကို ဖော်ညွှန်းလိုခြင်းနှင့် ပြည်သူများစိတ်လက်ပေါ့ပါးစွာ အပန်းဖြေအနားယူနိုင်ရေးတို့အတွက် ငပလီကမ်းခြေဆောင်းဦးပွဲတော်ကို ကျင်းပရခြင်းဖြစ်ပြီး ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ လွတ်လပ်ပျော်ရွှင်စွာ လာရောက်အပန်းဖြေအနားယူနိုင်ကြောင်း။
- ပွဲတော်ကို နိုဝင်ဘာလ ၁၄ ရက်မှစ၍ ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး သဲသောင်ပြင်ပြိုင်ပွဲများ၊ မြန်မာ့ရိုးရာပျော်ပွဲရွှင်ပွဲများစွာကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည့်အတွက် ဒေသခံများနှင့် လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအားလုံး စိတ်နှလုံးရွှင်လန်းစွာ ပါဝင်ဆင်နွှဲကြစေလိုကြောင်း။
- ငပလီကမ်းခြေသည် မြန်မာနိုင်ငံသားများအပြင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကပါ အသိအမှတ်ပြုတန်ဖိုးထားသည့် ဒေသဖြစ်ပြီး အာရှ၏အပျိုစင်ကမ်းခြေအဖြစ် တင်စားခေါ်ဝေါ်ကြကြောင်း ပြောကြားခဲ့။

ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက Paradise Hotel ကမ်းခြေရှိ သဲသောင်ပြင်တွင် ငပလီကမ်းခြေဆောင်းဦးပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားတွင် ကပြဖျော်ဖြေသည့် ရိုးရာအကအဖွဲ့များအား လှည့်လည်ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၁၅-၁၁-၂၀၂၁)**

- **ရခိုင်ပြည်နယ် သံတွဲခရိုင် ငပလီမြို့ "ငပလီကမ်းခြေဆောင်းဦးပွဲတော်"ဖွင့်ပွဲ အခမ်းအနားကို ငပလီကမ်းခြေရှိ ပါရာဒိုက် ဟိုတယ်၌ကျင်းပခဲ့။**
- **ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းလာခြင်း၊ တည်ငြိမ်အေးချမ်းလျက်ရှိသော ရခိုင်ပြည်နယ်၏ပြယုဂ်ကို ဖော်ညွှန်းလိုခြင်းနှင့် ပြည်သူများ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေအနားယူနိုင်ရေးတို့အတွက် ငပလီကမ်းခြေဆောင်းဦးပွဲတော်ကို ကျင်းပရခြင်းဖြစ်။**
- **ပွဲတော်ကို နိုဝင်ဘာလ ၁၄ ရက်မှစ၍ ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး သဲသောင်ပြင်ပြိုင်ပွဲများ၊ မြန်မာ့ရိုးရာပျော်ပွဲရွှင်ပွဲများစွာကို ထည့်သွင်းကျင်းပသွားမည်ဖြစ်။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအဖြစ် Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

- နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၇၈ ဦးနှင့် အမျိုးသမီး ၇၈ ဦး စုစုပေါင်း ၁၅၆ ဦးအား လက်ခံကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၄ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၉၈,၂၀၀ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၈၇,၉၂၉ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ များ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၁၄ ရက်တွင် ဒုတိယအကြိမ်အဖြစ် ကျောင်းသား/သူစုစုပေါင်း ၂၅,၄၈၃ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ကျောင်းသား/သူစုစုပေါင်း ၂,၂၉၉ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး နိုဝင်ဘာလ ၁၄ ရက် အထိ စုစုပေါင်း ၁,၂၅၈,၅၁၆ ဦးအား ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့ Oxygen Plant စက်ရုံ၌ ၄၀ လီတာဝင် Oxygen အိုးများ ထုတ်လုပ်နေမှုအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့။
- ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများ၏ ဂုဏ်ပြုပွဲကို နိုဝင်ဘာလ ၁၄ ရက်နေ့က ပြည်မြို့နှင့် ထားဝယ်မြို့များတွင် ကျင်းပခဲ့ပြီး ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့။
- ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ ဗဟိုကာကွယ်ဆေးသိုလှောင်ခန်းမှ Sinovac ကာကွယ်ဆေးများကို မကွေးမြို့၊ ပြည်မြို့၊ တောင်ကြီးမြို့နှင့် ပုသိမ်မြို့များသို့ တပ်မတော်လေယာဉ်များဖြင့်ပို့ဆောင် ဖြန့်ဖြူးပေးလျက်ရှိ။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက်ဆောင် ရွက်ပေးလျက်ရှိရာ-

- နိုဝင်ဘာလ ၁၄ ရက်တွင် မြဝတီနှင့်ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၂ ခုမှ ယာဉ်စီးရေ ၃ စီးဖြင့် အောက်ဆီဂျင် (အရည်) ဘောက်ဆာယာဉ် ၁ စီးဖြင့် တန် ၂၀နှင့် နှာခေါင်းစည်း (Mask) ၁၆ တန်တို့ကို တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၄ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၃,၀၄၂ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁၄ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၃.၁၀ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၄-၁၁-၂၀၂၁ ရက်အထိ ဓါတ်ခွဲနမူနာ စုစုပေါင်း ၅,၂၁၀,၂၆၅ ခုအားစစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၁၃,၂၆၂ ဦး နှင့် သေဆုံးသူ စုစုပေါင်း ၁၈,၉၂၉ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၁)**



**စစ်တွေမြို့တွင် ပြည်သူများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု**



**ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့်ဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်ငွေနှင့်ဂုဏ်ပြုလက်မှတ်များအားပေးအပ်နေမှု**



**ကျေးသီးမြို့တွင် တည်ဆောက်ထားသော Oxygen Plant စက်ရုံအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က သွားရောက်စစ်ဆေးနေမှု**




**ဗဟိုကာကွယ်ဆေးသိုလှောင်ခန်းမှ Sinovac ကာကွယ်ဆေးများကို အနယ်နယ်အရပ်ရပ်သို့ ဖြန့်ဖြူးပေးလျက်ရှိ**

- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၄ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၉၈,၂၀၀ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၈၇,၉၂၉ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။**
- **၁၄-၁၁-၂၀၂၁ ရက်အထိ အတည်ပြုလူနာစုစုပေါင်း ၅၁၃,၂၆၂ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၈,၉၂၉ ဦးရှိခဲ့။**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျ ဆက်လက်လက်ခံလျက်ရှိ



ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာလ ၉ ရက်မှ ၁၄ ရက်အထိ-

- ကချင်ပြည်နယ်၊ လွယ်ဂျယ်နယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၁၀၅ ဦး။
- ကချင်ပြည်နယ်၊ ကန်ပိုက်တီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၅၀ ဦး။
- ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၁,၄၈၇ ဦး။
- ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်နယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၃၃၀ ဦးကိုလည်းကောင်း အသီးသီးလက်ခံခဲ့။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့်အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည်များ ဆောင်ရွက်ပေးခြင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် အခက်အခဲဖြစ်နေသော မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၁၄-၁၁-၂၀၂၁ ရက်အထိ ၄၄,၅၁၄ ဦး ပြန်လည်ဝင်ရောက်လာခဲ့ ပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၁ )**

- **နိုဝင်ဘာလ ၉ ရက်မှ ၁၄ ရက်အထိ ပြည်ပနိုင်ငံများမှ နေရပ်ပြန်သူစုစုပေါင်း ၁,၉၇၂ ဦးတို့သည် လွယ်ဂျယ်၊ ကန်ပိုက်တီ၊ မြဝတီနှင့် လောက်ကိုင်နယ်စပ်ဂိတ်များမှ တစ်ဆင့်ပြန်လည်ဝင်ရောက်လာခဲ့။**
- **ဌာနဆိုင်ရာတာဝန်ရှိသူများက နေရပ်ပြန်များအား ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးခြင်း၊ ၎င်းတို့၏နေရပ်အသီးသီးသို့ ပို့ဆောင်ပေးခြင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် အခက်အခဲဖြစ်နေသော မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၁၄-၁၁-၂၀၂၁ ရက်အထိ ၄၄,၅၁၄ ဦး ပြန်လည်ဝင်ရောက်လာခဲ့။**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျ ဆက်လက်လက်ခံပေးနေမှု











# ပညာရေးယန္တရားကို ထိခိုက်ပျက်ပြားစေလိုသည့် အကြမ်းဖက်သမားများက ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ အသက်အန္တရာယ်ကို ထိခိုက်စေသည်အထိပါ အကြမ်းဖက်မှုများ ကျူးလွန်

အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH နှင့် NUG တို့သည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ကိုဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော အပြစ်မဲ့ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ လက်ရှိအချိန်တွင် ပညာသင်ကြားရမည့် ကျောင်းသား/ကျောင်းသူများ၏ စာသင်နှစ်နှစ်နာမှုမရှိစေရန်အတွက် ကျောင်းများပြန်လည်ဖွင့်လှစ်ခြင်းအပေါ် ထိခိုက်ပျက်စီးစေလိုသော အကြမ်းဖက်သမားများက ဆရာ/ဆရာမများ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ခြိမ်းခြောက်ခြင်းများအပြင် လုပ်ကြံသတ်ဖြတ်သည်အထိပါ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်လျက်ရှိကြသည်။ ထိုသို့လုပ်ဆောင်လျက်ရှိရာ-

- နိုဝင်ဘာလ ၁၃ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ကူလဲအနောက်ကျေးရွာနေ ဦးကျော်မင်းစိန်နှင့် ကူလဲအနောက် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းဆရာဦးသန်းလင်းတို့သည် ကြက်ချောင်တောစားကျက်ဘက်ရှိ မြေပဲခင်းသို့သွားရောက်စဉ် PDF အကြမ်းဖက်သမားများက ဦးကျော်မင်းစိန်အား တူမီးသေနတ်ဖြင့်ပစ်ခတ်ပြီး ကျောင်းဆရာဦးသန်းလင်းအား တူမီးသေနတ်ဒင်ဖြင့် အကြမ်းဖက် ထုရိုက်ခဲ့။
- အဆိုပါအကြမ်းဖက်ဖြစ်စဉ်ကြောင့် ဦးကျော်မင်းစိန်သည် ကျည်ထိမှန်ဒဏ်ရာဖြင့် နေရာ၌သေဆုံးသွားခဲ့ပြီး ဦးသန်းလင်းတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့။

အကြမ်းဖက်သမားများသည် အနာဂတ်မျိုးဆက်သစ်ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို အနှောင့်အယှက်ဖြစ်စေရန်နှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၏ အသက်အန္တရာယ်ကို ထိခိုက်စေသည်အထိပါ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လာကြောင်း တွေ့ရှိရသဖြင့် မိဘပြည်သူများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်၍ အကြမ်းဖက်လုပ်ရပ်များကို တွန်းလှန်နိုင်ပါရန်မေတ္တာရပ်ခံအပ်ပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၁ )**

- **နိုဝင်ဘာလ ၁၃ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ကူလဲ အနောက်ကျေးရွာနေ ဦးကျော်မင်းစိန် နှင့် ကူလဲအနောက် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းဆရာဦးသန်းလင်းတို့သည် ကြက်ချောင်တောစား ကျက်ဘက်ရှိ မြေပဲခင်းသို့သွားရောက်စဉ် PDF အကြမ်းဖက်သမားများက ဦးကျော်မင်းစိန်အား တူမီးသေနတ်ဖြင့်ပစ်ခတ်ပြီး ကျောင်းဆရာဦးသန်းလင်းအား တူမီးသေနတ်ဒင်ဖြင့်အကြမ်းဖက်ထုရိုက်ခဲ့။**
- **အဆိုပါအကြမ်းဖက်ဖြစ်စဉ်ကြောင့် ဦးကျော်မင်းစိန်သည် ကျည်ထိမှန်ဒဏ်ရာဖြင့်နေရာ၌သေဆုံးသွားခဲ့ပြီး ဦးသန်းလင်း တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့။**